myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

July 4, 2019 Volume 21, Number 4

**၄.၇.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၁၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၂၀၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၀/ကျပ် |
| CBM Rate | = ၁၅၀၆.၆/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၉.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၀.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၉၅.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၇.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၇.၃ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၉.၂၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | =၂၁.၉၁၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၇၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၄.၃၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၁၃၁ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## Double Cab ကားများကို လုပ်ငန်းသုံးယာဉ်အဖြစ်သတ်မှတ်လိုက်သည့်အတွက် ဈေးနှုန်းကျဆင်းသွားပြီး အရောင်းအဝယ်ဖြစ်လာ




တံခါးလေးပေါက်ပါဝင်သော Double Cab ကားများကို လူစီးယာဉ်အုပ်စုမှ လုပ်ငန်းသုံးယာဉ်အဖြစ် မော်တော်ယာဉ်တင်သွင်းခြင်းများနှင့် သက်ဆိုင်သောကြီးကြပ်မှုကော်မတီမှ ပြောင်းလဲသတ်မှတ်လိုက်သည့်အတွက် လက်ရှိကားဈေးကွက်အတွင်း Double cab ယာဉ်များ အကျ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကားဈေးကွက်အတွင်းမှသိရသည်။ ပြီးခဲ့တဲ့ကြီးကော်အစည်းအဝေးမှာ သတ်မှတ်လိုက်တာဖြစ်လို့ အခွန်နှုန်းထားက သက်သာသွားတာပေါ့။ အရင်လူစီးအခွန်အစား လုပ်ငန်းသုံးယာဉ်အဖြစ်ဘဲ အခွန်ကဆောင်ရတော့မှာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိကား ဈေးကွက်မှာတော့ ဒီ Double Cab ကားတွေက ဈေးကျသွားပြီး အရောင်းအဝယ်ဖြစ်လာနေတယ်ဟု မော်တော်ယာဉ်သွင်းထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကဆိုသည်။ တံခါးလေးပေါက်အမျိုးအစားဖြစ်သည့် Double Cabကားများကို ယခင်က လူစီးအဖြစ် သတ်မှတ်ထားခြင်းဖြစ်ကာ ကားတင်သွင်းရာတွင် ပေးဆောင်ရသည့် အခွန်နှုန်းထားများမှာ လူစီးနှုန်းထားများအတိုင်း ပေးဆောင်နေရခြင်းဖြစ်သည်။

ယခုအကြိမ်ကျင်းပသည့် မော်တော်ယာဉ်တင်သွင်းခြင်းများနှင့်သက်ဆိုင်သော ကြီးကြပ်မှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ တံခါးလေးပေါက် Double Cab ကားများကို အကောက်ခွန်နှုန်းထားသက်သာသော လုပ်ငန်းသုံးယာဉ်အမျိုးအစားတွင် ထည့်သွင်းသတ်မှတ်လိုက်ခြင်းဖြစ်သည်။ အစည်းအဝေးဆုံးဖြတ်ချက်အရ ဒါကဖြစ်လာတာပါ။ ဒီကားတွေကို နိုင်ငံတကာမှာလည်း အကြမ်းအချောသုံး

လုပ်ငန်းသုံးယာဉ်အဖြစ်သတ်မှတ်ထားပါတယ်။ ဒါကြောင့် လူကြီးတွေ အနေနဲ့ ပြန်လည်သုံးသပ်ပြီး တံခါးလေးပေါက်ပါပေမယ့်လည်း လုပ်ငန်းသုံးအမျိုးအစား အုပ်စုထဲ ထည့်လိုက် တာဖြစ်ပါတယ်ဟု စီးပွားရေးနှင်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိတစ်ဦးကဆိုသည်။

အဆိုပါသတင်းထွက်ပေါ်လာပြီးနောက် ဈေးကွက်အတွင်းရှိ Double Cab ကားဈေးနှုန်းများ ကျပ်သိန်း (၂၀)မှသိန်း(၅၀)ခန့်အထိကျဆင်းသွားခဲ့ပြီး အရောင်းအဝယ်ဖြစ်လာနေသည်ဟုသိရသည်။ Double Cab ကားများအတွက် လုပ်ငန်းသုံးယာဉ်အုပ်စုတွင်ထည့်သွင်းပေးထားသော်လည်း ကားတင်သွင်းရမည့် သတ်မှတ်ချက်များမှာ (၂၀၁၉) မူဝါဒအတိုင်း ဘယ်မောင်းမော်ဒယ်မြင့် ကားများကိုသာ တင်သွင်းနိုင်မည်ဖြစ်သည်။ ယခုကြေညာချက်မထွက်ပေါ်မီ လပိုင်းအလိုက ဂျပန်နိုင်ငံမှ နာမည်ကြီးကားကုမ္ပဏီဖြစ်သည့် Toyota က (၂၀၂၁) ခုနှစ်တွင် ပြည်တွင်းမှတပ်ဆင်မည့် Double Cab ကားများကို ထုတ်လုပ်သွားမည်ဟု အသိပေးထားခဲ့သည်။

**Source:** http://www.betvmyanmar.com/my/news/double-cab-

## မီတာခနှုန်းထားအသစ်များကြောင့် လျှပ်စစ်ကဏ္ဍတွင် အမေရိကန်နှင့်ဂျပန်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေ

လက်ရှိ ပြောင်းလဲလိုက်သော လျှပ်စစ်မီတာခ နှုန်းထားအသစ်များကြောင့် ပြည်ပနိုင်ငံအချို့မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားမှုများရှိနေကြောင်း ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောသည်။ လျှပ်စစ်ကတော့ ကျွန်တော်တို့က လုပ်သင့်လုပ်ထိုက်တဲ့ အချိန်ဟုတ်၊ မဟုတ်တော့မသိဘူးပေါ့။ သို့သော်လည်း လုပ်သင့်တာကြာပြီ။ လုပ်လိုက်တဲ့အတွက်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု သုံး၊ လေးယောက်က ကျွန်တော်တို့ဆီကို ပိုင်းပြီးတော့လာမေးတယ်။ ဒါကို နိုင်ငံတော်အစိုးရလုပ်ပေးလိုက်တာ ကျေးဇူးတင်တယ်လို့ ပြောလာတာတွေရှိတယ်။ အမေရိကန်လုပ်ငန်းရှင်ကလည်း ဒီကဏ္ဍမှာဝင်ဖို့ကြိုးစားမယ်။ အထူးသဖြင့် ဂျပန်ဆိုရင် ၁၀၀၀ မီဂါဝပ် လောက်လုပ်ဖို့ ပရောဂျက်ရှိပြီးသား။ ကျွန်တော်တို့လည်း မစ်ဆူမစ်ရှီကုမ္ပဏီနဲ့ပေါင်းပြီးလုပ်မယ်ဆိုရင် နောင်တချိန်မှာ လျှပ်စစ်ကဏ္ဍလည်း ဘာပဲပြောပြော နှစ်နှစ်၊ သုံးနှစ်အတွင်း တက်လာမယ်ဆိုရင်တော့ စက်မှုကဏ္ဍလည်းလုပ်ချင်ကိုင်ချင်စိတ်တွေပေါ်လာပြီးတော့ တက်လာမှာဖြစ်ပါတယ်ဟု ၎င်းကပြောသည်။ ထို့ကြောင့် လက်ရှိအချိန်တွင် လုပ်ငန်းရှင်များအနေနှင့် ဥပဒေ၊ နည်းဥပဒေများနှင့် ပေါင်းစပ်ပြီးလုပ်ဆောင်ရန် တိုက်တွန်းလိုသည်ဟုဆိုသည်။

ယခုနှစ် ဇူလိုင်လ ၁ ရက်မှ စတင်ကောက်ခံမည့် နှုန်းထားများမှာ အိမ်သုံးမီတာများအတွက် ၁ ယူနစ် မှ ၃၀ ယူနစ်ကြားကို ၃၅ ကျပ်၊ ၃၁ ယူနစ် မှ ၅၀ ယူနစ်ကြားကို ၅၀ ကျပ်၊ ၅၁ ယူနစ် မှ ၇၅ ယူနစ်ကြားကို ၇၀ ကျပ်၊ ၇၆ ယူနစ် မှ ၁၀၀ ယူနစ်ကြားကို ၉၀ ကျပ်၊ ၁၀၁ ယူနစ် မှ ၁၅၀ ယူနစ်ကြားကို ၁၁၀ ကျပ်၊ ၁၅၁ ယူနစ် မှ ၂၀၀ ယူနစ်ကြားကို ၁၂၀ ကျပ်နှင့် ၂၀၁ ယူနစ်နှင့်အထက်ကို ၁၂၅ ကျပ်ဖြင့် သတ်မှတ်ကောက်ခံမည်ဖြစ်ကြောင်း ဇွန်လ ၂၅ ရက်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကြေညာထားသည်။ ထို့ပြင် အိမ်သုံးမဟုတ်သည့် အမျိုးအစားများအတွက် ၁ ယူနစ် မှ ၅၀၀ ယူနစ်အထိကို ၁၂၅ ကျပ်၊ ၅၀၁ ယူနစ် မှ ၅၀၀၀ ယူနစ်အထိကို ၁၃၅ ကျပ်၊ ၅၀၀၁ ယူနစ် မှ ၁၀၀၀၀ ယူနစ်အထိကို ၁၄၅ ကျပ်၊ ၁၀၀၀၁ ယူနစ် မှ ၂၀၀၀၀ ယူနစ်အထိကို ၁၅၅ ကျပ်၊ ၂၀၀၀၁ ယူနစ် မှ ၅၀၀၀၀ ယူနစ်အထိကို ၁၆၅ ကျပ်၊ ၅၀၀၀၁ ယူနစ် မှ ယူနစ် တစ်သိန်းအထိကို ၁၇၅ ကျပ်နှင့် ယူနစ် တစ်သိန်းနှင့် အထက်ကို ၁၈၀ ကျပ်နှုန်းဖြင့် ကောက်ခံသွားမည်ဖြစ်သည်။ ယခင်က ကောက်ခံသည့် မီတာခနှုန်းထားများမှာ အိမ်သုံးအတွက် ၁၀၀ ယူနစ်အောက်ကို ၃၅ ကျပ်၊ ၁၀၀ ယူနစ် မှ ၂၀၀ ယူနစ်ကြားကို ၄၀ ကျပ်၊ ၂၀၀ ယူနစ်အထက်ကို ၅၀ ကျပ် ကောက်ခံနေခြင်းဖြစ်ပြီး စီးပွားရေးလုပ်ငန်းများအတွက် ၁ ယူနစ် မှ ၅၀၀ ယူနစ်အထိ ၇၅ ကျပ် ၊၅၀၁ ယူနစ် မှ ၁၀၀၀၀ ယူနစ်အထိကို ၁၀၀ ကျပ် ၊ ၁၀၀၀၁ ယူနစ် မှ ၅၀၀၀၀ ယူနစ်အထိ ၁၂၅ ကျပ်၊ ၅၀၀၀၀ ယူနစ် မှ ယူနစ် နှစ်သိန်းအထိကို ၁၅၀ ကျပ်ဖြင့် ကောက်ခံလျက်ရှိကြောင်းသိရသည်။ မီတာခတက်ပြီးနောက်ပိုင်း ကျွန်တော်တို့ကို လျှပ်စစ်ကိစ္စလာဆွေးနွေးတာတော့မရှိသေးပါဘူး။ ဒါပေမယ့် ဒီကိစ္စနဲ့ ပတ်သက်ပြီး လွန်ခဲ့တဲ့ မီးပျက်နေတဲ့ကာလတွေမှာ တောက်လျှောက်လာထားတာတွေရှိပါတယ်။ ကုမ္ပဏီပေါင်း

ပြောက်များစွာပဲလာတယ် ၊ ဂျပန်ဆို ကုမ္ပဏီ ၃ ခုလောက်ပေါင်းပြီးလုပ်မယ်ဆိုတဲ့ပုံစံမျိုး ဂျပန်ကတော့ ရန်ကုန်မှာ မီးအား ပေးဖို့ပါ ။ ကိုရီးယားဆိုလဲ ရန်ကုန်မှာလျှပ်စစ်ပေးဖို့ တရုတ်ဆိုလဲ ၂ နေရာ ၃ နေရာလောက်ပေးဖို့ရှိတယ် ။ ထိုင်းကလဲ ဆိုလာနဲ့ပေးဖို့လာပါတယ် ။ ကုမ္ပဏီ ၂ ခု ၃ ခုလောက်က လက်ရှိမီတာခနဲ့ သိပ်မကိုက်ဘူးဆိုပြီးပြောတယ်။ အခုဆိုရင် တော့ ပိုပြီးတော့ သူတို့အတွက် အခွင့်လမ်းတွေပိုလာလိမ့်မယ်လို့မြင်ပါတယ်။ ဆက်ပြီးရောက်လာလိမ့်မယ်လို့ မျှော်လင့် ပါတယ်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောသည်။

လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ ဂျပန် ၊ တရုတ်၊ ကိုရီးယား ၊ ထိုင်းနှင့်အင်္ဂလန်နိုင်ငံတို့က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သို့ လာရောက်ဆွေးနွေးမှုများရှိသော်လည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ရောက်ရှိလာခြင်းမရှိသေးကြောင်း ၎င်းကဆိုသည်။ ယခင်က ပြည်တွင်းလျှပ်စစ်ကဏ္ဍတွင် ဝင်ရောက်ထားသည့် ရင်းနှီးမြှုပ်နှံမှုများတွင် တရုတ်နိုင်ငံမှ လုပ်ငန်း ၈ခု နှင့် အမေရန်ဒေါ်လာ ၁၃ ဘီလီယံကျော်၊ စင်ကာပူနိုင်ငံမှ လုပ်ငန်း ၈ ခုနှင့် ကန်ဒေါ်လာ ၁ ဘီလီယံကျော်တို့နှင့် ထိုင်းနိုင်ငံမှ လုပ်ငန်း ၆ ခုနှင့် အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော်၊ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှသိရသည်။ လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စီးပွားရေးလုပ်ငန်းများ၏ အခြေခံ လိုအပ်ချက်ဖြစ်သော လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးနှင့် အခြေခံပညာကောင်းမွန်စေရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဘတ်ဂျက်ဘဏ္ဍာငွေကို တိုးမြှင့်လျာထားကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းကပြောကြားထားသည်။

**Source: The fifth wave news**

## မန္တလေးတိုင်းအတွင်း အိန္ဒိယနိုင်ငံမှရင်းနှီးမြှုပ်နှံမှုများပိုမိုပြုလုပ်ရန် မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဖိတ်ခေါ်




လက်ရှိ မန္တလေးတိုင်းတွင် အိန္ဒိယရင်းနှီးမြှုပ်နှံမှု မှာ တရုတ်၊ ထိုင်းနိုင်ငံတို့နှင့်ယှဉ်ပါက နည်းနေသည့် အတွက် အိန္ဒိယနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဖိတ်ခေါ်သည်။ တရုတ်တို့ ထိုင်းနိုင်ငံတို့က မန္တလေးမှာ ရင်းနှီးမြှုပ်နှံတာများပြီး အိန္ဒိယကတော့ ရင်းနှီးမြှုပ်နှံတာနည်းနေသေးတယ်၊ အိန္ဒိယအနေနဲ့ မန္တလေးမှာ ပိုပြီးရင်းနှီးမြှုတ်နှံဖို့ တိုက်တွန်းပါတယ်၊ အစိုးရအနေနဲ့လဲ လိုအပ်တာတွေ ကူညီမှာပါဟု ၎င်းက ပြောသည်။



ဇူလိုင်လ (၂) ရက်နေ့ မန္တလေးမြို့ Hilton Hotel ၌ပြုလုပ်သည့် မန္တလေးတိုင်းအစိုးရအဖွဲ့နှင့် အိန္ဒိယနိုင်ငံ အာသံပြည်နယ်အစိုးရအဖွဲ့က အဆင့်မြင့်အရာရှိကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့နှင့် စီးပွားရေးဆိုင်ရာ တွေ့ဆုံအစည်းအဝေး၌ ဝန်ကြီးချုပ်က ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။ မန္တလေးတိုင်းသည် စက်မှုတိုးတက်သည့် တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့ အကြားတွင်ရှိပြီး လက်ရှိ၌ တရုတ်၊ ထိုင်းနိုင်ငံများနှင့် စီးပွားရေးအရ ရင်းနှီးမှုများရှိသော်လည်း အိန္ဒိယနိုင်ငံအနေဖြင့်လည်း အရေအတွက်အားဖြင့်သော်လည်းကောင်း၊ ပမာဏအားဖြင့်လည်းကောင်း နည်းပါးနေသေးသည်ဟုဆိုသည်။

မန္တလေးတိုင်းသည် ရင်းနှီးမြှုပ်နှံစရာနေရာများစွာရှိပြီး လုပ်ငန်းတည်ထောင်နိုင်သည့် မြေဧရိယာ များစွာရှိပြီး ကမ္ဘာတွင် တိုးတက်မှုအလားအလာအရှိဆုံး မြို့ကြီး (၁၀) မြို့တွင်လည်း မန္တလေးမြို့သည် ရွေးချယ်ခံရသည့်

အတွက် နိုင်ငံခြားရင်းနှီးမြှုတ်နှံမှုများအတွက် ရေခံမြေခံ အကောင်းဆုံးဒေသတစ်ခုဖြစ်ကြောင်းသိရသည်။ ထို့ပြင် နိုင်ငံခြားရင်းနှီးမြှုတ်မှု တိုးတက်စေရန်အတွက် အစိုးရက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများကို ဖြေလျှော့နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးချုပ် ဒေါက်တာဖော်မြင့်မောင်ကပြောသည်။ လက်ရှိ၌လည်း အင်ဖာ-မန္တလေးဘတ်စ်ကားခရီးစဉ်ဖော်ထုတ်ခြင်းကို အကူအညီပေးရန်နှင့် နှစ်နိုင်ငံဆက်ဆံရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးတိုးတက်ရန်အတွက် အာသံအစိုးရအဖွဲ့အနေဖြင့်လည်း ကူညီဆောင်ရွက်ရန်လိုအပ်ကြောင်း ဝန်ကြီးချုပ်ကဆိုသည်။

နှစ်နိုင်ငံ ကုန်စည်စီးဆင်းနိုင်ဖို့အတွက်က လမ်းတံတားတွေကို ဒီထက်ပိုပြီး အဆင့်မြင့်ဖို့လို အပ်ပါတယ်၊ ဒီလုပ်ငန်းတွေအတွက်လဲ အချိန်ပေးဖို့လိုအပ်သလို၊ လက်ငင်းအကောင်အထည်ဖော်လို့ရတာတွေကိုလဲ ချက်ချင်းဆောင်ရွက်သွားပါမယ်ဟု အဆိုပါအဖွဲ့တွင်ပါဝင်သော အာသံပြည်နယ်တွဲဖက်အတွင်းရေးမှူးချုပ် Jishnu Barua ကပြောသည်။ အဆိုပါ အာသံပြည်နယ်အစိုးရအဖွဲ့၊ အိန္ဒိယနိုင်ငံ စက်မှုလုပ်ငန်းနှင့် ကုန်သည်ကြီးများအဖွဲ့တို့သည် အိန္ဒိယနယ်စပ် တမူးမှတဆင့်မန္တလေးမြို့သို့ Bus Tour အစီအစဉ်ဖြင့် ပထမအကြိမ်လာရောက်ခြင်းဖြစ်ပြီး မန္တလေးမှတဆင့် ရန်ကုန်တိုင်းအစိုးရအဖွဲ့၊ မြန်မာနိုင်ငံ ကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့နှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** http://www.betvmyanmar.com/my/news/

## ဆန်ကြမ်းဈေးကျသော်လည်း ပေါ်ဆန်းအမျိုးအစားဆန်များ ၁၈ ရာခိုင်နှုန်းခန့်ဈေးမြင့်နေ

ပြည်ပတင်ပို့သည့် ဆန်ကြမ်းဈေးကျဆင်းသော်လည်း ပြည်တွင်းစားသုံးသည့် ပေါ်ဆန်းကဲ့သို့ ဆန်ချောဈေးနှုန်းသည် ခြောက်လအတွင်း ၁၈ ရာခိုင်နှုန်းခန့် မြင့်တက်လာသည်။ ပြည်တွင်း၌ ဆန်ချောစားသုံးမှုတိုးလာပြီး ထုတ်လုပ်မှု ပုံမှန်အခြေအနေရှိသဖြင့် ဈေးမြင့်တက်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးကပြောသည်။ မြန်မာနိုင်ငံတွင် ပေါ်ဆန်းအမျိုးအစားဆန်ချောများက မိုးရာသီတွင်ဈေးမြင့်တက်လေ့ရှိပြီး မိုးနှောင်းပိုင်းတွင် ဈေးနှုန်းအမြင့်ဆုံးရောက်လေ့ရှိသည်ဟု ၎င်းကဆိုသည်။

၂၀၁၉ ဇန်နဝါရီတွင် ဧရာ ဝတီပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၃၇,၀၀၀ ဈေးရှိပြီး ဖွန်လကုန်တွင် တစ်အိတ်လျှင် ကျပ် ၄၄,၀၀၀ဈေးသို့ မြင့်တက်လာသည်။ ထိုကဲ့သို့ ပြည်တွင်းစားသုံးသည့် ပေါ်ဆန်းကဲ့သို့ ဆန်ချောဈေးမြင့်တက်လာသော်လည်း ပြည်ပတင်ပို့နေသည့် ဆန်ကြမ်းဈေးက နှစ်ဝက်အတွင်း အပြောင်းအလဲမရှိပေ။ မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုများစွာလျော့ကျခြင်းက ဆန်ကြမ်းဈေးမြင့်တက်ရန် လတ်တလောမလွယ်သေးကြောင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်မှ ဦးသန်းဦး ပြောသည်။ လက်ရှိ ရန်ကုန်ဆန်ဈေးကွက်သည် ပင်လယ်ရေကြောင်းမှ ပြည်ပတင်ပို့သူများဝယ်ယူမှုအပေါ်မူတည်ပြီး ဆန်ဈေးဖွင့်နေရသည်ဟု ၎င်းကဆိုသည်။

ပြည်ပတင်ပို့သူများ အဝယ်များခြင်းကြောင့် ပြီးခဲ့သည့်နှစ်ပတ်က ရန်ကုန်ဆန်ဈေးကွက်တွင် တစ်အိတ်လျှင် ကျပ် ၂၀၀၀၀အထိ မြင့်တက်ခဲ့သော ဆန်ကြမ်းဈေးနှုန်းသည် ဇူလိုင် ၃ ရက်တွင် ကျပ် ၁၉၀၀၀ သို့ကျဆင်းသည်။ ရန်ကုန်ဈေးကွက်သို့ ယခုရက်ပိုင်းတွင် အိတ်ရေ ၅၀၀၀၀ ခန့် နေ့စဉ်ဆန်အဝင်ရှိနေပြီးပွင့်ဖြူ၊ စလင်းစသောမြို့နယ်များမှ ဆန်များနှင့် မန္တလေးတိုင်းအတွင်းမှဆန်များဖြစ်သည်။ မူဆယ်ဈေးကွက်သို့ ဆန်တင်ပို့နိုင်မှုမရှိခြင်းကြောင့် ရန်ကုန်ဈေးကွက်သို့ အဆိုပါဒေသများမှ ဆန်များဝင်လာခြင်းဖြစ်သည်ဟု ဦးသန်းဦးကပြောသည်။

**Source:** http://www.7daydaily.com/story/160224

## ပဲခူးရိုးမ သစ်တောကြိုးဝိုင်း၌ အစိုးရထံ အာမခံကြေးပေးဆောင်ရန်မလိုအပ်ဘဲ ဝါးစိုက်ပျိုးနိုင်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးရိုးမ သစ်တောကြိုးဝိုင်းဧရိယာ၌ ဝါးစိုက်ပျိုးလိုသူများအနေဖြင့် အစိုးရထံအာမခံကြေးပေးဆောင်ရန် မလိုဘဲဝါးစိုက်ပျိုးနိုင်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သစ်တော၊ သယံဇာတ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနမှသိရသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အသင်းအဖွဲ့အနေဖြင့်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း ပဲခူးရိုးမတောအတွင်း ကျွန်း၊ သစ်မာ၊ ရော်ဘာများစိုက်ပျိုးလိုပါက နှစ် ၃၀ အငှား စာချုပ်ဖြင့် တစ်ဧကလျှင် ၂၀၀ ကျပ် နှုန်းပေးသွင်းရမည့်အပြင် အာမခံကြေးအဖြစ် တစ်ဧကလျှင် ကျပ် ငါးသောင်းနှုန်းပေးဆောင်ရမည်ဖြစ်သော်လည်း ဝါးစိုက်ခင်းများအတွက် အာမခံကြေးပေးဆောင်ရန်မလိုကြောင်း သိရ

သည်။ ယခင်ကတော့ ပြည်ထောင်စုအဆင့်ကဘဲခွင့်ပြုပေးတာပါ။ ယခုကတော့ ဧက ၅၀ အောက်ကို တိုင်းဒေသကြီး အစိုးရက ခွင့်ပြုပေးပါတယ်။ ပုဂ္ဂလိကစိုက်ခင်းကြီးကြပ်ရေးကော်မတီ ဖွဲ့ထားပါတယ်။ စာချုပ်ပါ အမှန်တကယ်စိုက်ပျိုးမှု ရှိ၊ မရှိ စစ်ဆေးသွားမှာပါ။ မြေနေရာဦးတဲ့ပုံစံမျိုး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မယ့်ပုံစံမျိုးဆိုရင်တော့ လက်မခံပါဘူးဟု ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ သစ်တောသယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာစောညိုဝင်းကပြောသည်။

မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းကလည်း ပဲခူးတိုင်းဒေသကြီး၊ ပဲခူးရိုးမဇောင်းတူနယ်ဘက်တွင် စီးပွားဖြစ် ဘက်စုံဝါးစိုက်ပျိုးခြင်း စီမံကိန်းကာလ ၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ် အထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးခွင့်ရရန် ပဲခူးတိုင်း ဒေသကြီးအစိုးရဖွဲ့ထံတင်ပြထားကြောင်းသိရသည်။ အသင်းအနေဖြင့် ဝါးအခြေခံ စက်မှု၊ လက်မှုဖုန်ပေါ်ပေါက်ရန် ရည်ရွယ်ပြီး ဒေသခံတောင်သူများကိုအခြေခံကာ အမှန်တကယ်စိုက်ပျိုးမည့်သူများအား တစ်ဦးလျှင် ငါးဧကမှ ၂၅ ဧက အထိ သတ်မှတ်စိုက်ပျိုးခွင့်ပေးပြီး မျိုးကောင်းဝါးဖြစ်သည့် ကလွေဝါး၊ ဝါးဘိုး၊ကြသောင်း၊ ဂုံဝါး စသည်တို့ကို စိုက်ပျိုး နည်းပညာသင်ပေးခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်း၊ မျှစ်၊ ဝါးမီးသွေးတို့ကို ကုန်ချောများ ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရန် ရည်ရွယ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။ လက်ရှိပြည်တွင်း တောတောင်တွေမှာသဘာဝဝါးတွေ ကုန်ခမ်းနေတဲ့အတွက် အစိုးရအနေနဲ့ စီးပွားဖြစ်ဝါးစိုက်ပျိုးမယ့် သူတွေကို ဖိတ်ခေါ်ပြီး နေရာစီစဉ်ပေးမယ်။ ဈေးကွက် ဆောင်ရွက်ပေးမယ်ဆိုရင်တော့ ကျေးရွာနေလူတန်းစားအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေရလာမှာပါဟု ကျောက်တံခါးမြို့နယ် ဒေသခံတစ်ဦးကပြောသည်။

**Source:** https://www.facebook.com/search/top/?q=the%20farmer%20media&epa=SEARCH_BOX

## စိုက်ပျိုးရေးသီးနှံများ ဈေးကွက်အခိုင်အမာရရှိရန် ဆောင်ရွက်မည်ဟုဆို

စိုက်ပျိုးရေးကဏ္ဍ ပိုမိုတိုးတက်လာစေရန်နှင့် စိုက်ပျိုးရေးသီးနှံများ ဈေးကွက်အခိုင်အမာ ရရှိနိုင်ရန် ကြိုးပမ်း ဆောင်ရွက်သွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။ ယခုလ ၂၉ ရက်က ကုန်သည်စက်မှုအသင်းချုပ်တွင် ပြုလုပ်သည့် ၂၈ ကြိမ်မြောက်နိုင်ငံ တော်ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲတွင် ၎င်းကပြောကြားခဲ့ခြင်း ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍ ပိုမိုတိုးတက်လာစေနိုင်ဖို့နဲ့ ဈေးကွက်အခိုင်အမာရရှိနိုင်ဖို့ အခြေနေများကို ကျွန်တော်တို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီဟာကို အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက် ကြရမှာ ဖြစ်ပါတယ်။ ဒီအတွက် လုပ်ငန်းရှင်များရဲ့လိုအပ်ချက်များကို တိုင်းအစိုးရဘက်ကလည်း တက်စွမ်းတဲ့ဘက်ကနေ ဖြည့်ဆည်းဆောင်ရွက်ပေးပါမယ်ဟု ၎င်းကပြောသည်။

အစိုးရသစ် တာဝန်ယူခဲ့သည့် ကာလအတွင်း လယ်ယာကဏ္ဍတွင် ဧက ၄,၀၀၀ ခန့်ကို အဆင့်မြင့် လယ်ယာ များအဖြစ် ပြုပြင်ပေးနိုင်ခဲ့ပြီး တောင်သူလယ်သမားများ၏ လယ်ယာပြုပြင်ရေး ကဏ္ဍအတွက် ကျပ်ငွေ ၈ ဘီလီယံခန့် အသုံးပြုကာ ဆောင်ရွက်ပေးနိုင်ခဲ့သည်ဟုဆိုသည်။ ထို့ပြင် မြန်မာနိုင်ငံမှ တင်ပို့သည့် စိုက်ပျိုးရေးသီးနှံများ ပို့ကုန်များကို နိုင်ငံတကာမှ လက်ခံဝယ်ယူနိုင်ရန်အတွက်ရည်ရွယ်၍ GAP စနစ်ဖြင့် စိုက်ပျိုးနေသည့် စိုက်ပျိုးရေး လုပ်ငန်းရှင်များကို အသိအမှတ်ပြု ကဒ်ပြားများ ထုတ်ပေးလျက်ရှိသည်။ ယခုလ ၂၇ ရက်ကလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ မြန်မာစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ Good Agricultural Practices(GAP) အသိအမှတ်ပြု လက်မှတ် များကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးတွင် တောင်သူများအားပေးအပ်ခဲ့သည်။ GAP ဆိုသည်မှာ မြေပြုပြင် စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ ထုတ်လုပ်မှုကွင်းဆက်တိုင်းတွင် စားသုံးသူအတွက် အန္တရာယ်ဖြစ်စေသည့် ကူးစက်ညစ်ညမ်းမှုအနည်းဆုံးဖြစ်စေရန် လိုက်နာရမည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း များဖြစ်သည်။

**Source:** https://www.facebook.com/amiamyanmar/posts/2311668448918638?__tn__=K-R

## အညာဒေသ၌ ရှမ်းပြည်နယ်ထွက် နာနတ်သီးများ ပေါ် ဦးပေါ်ဖျား ရောင်းအားသွက်



အညာဒေသ ကျောက်ပန်းတောင်းနှင့် ရေနံချောင်းမြို့တို့၌ ရှမ်းပြည်နယ်မှ ထွက်ရှိသောနာနတ်သီးများ ပေါ်ဦးပေါ်ဖျား ရောင်းအားသွက် နေကြောင်း ဒေသခံဈေးသည်များထံမှသိရသည်။ ဒီတစ်ပတ်မှ စပေါ်တာပါ။ ပေါ်ဦးပေါ်ဖျားမို့ အရောင်းသွက်တယ်။ သရက်သီးကလည်း တုံးသွားပြီဆိုတော့ နာနတ်သီးကို အလှူအတန်းတွေမှာ အသုံးပြုလာကြတာ ကျောင်း၊ ဈေးနဲ့ ရပ်ကွက်ထဲတွေမှာ လက်လီရောင်းကြတာဟု ကျောက်ပန်းတောင်းမြို့ မှ သစ်သီးလက်ကားရောင်းဝယ်သူတစ်ဦးက ပြောဆိုသည်။

ရှမ်းပြည်နယ်မှ ထွက်ရှိသော နာနတ်သီးများကို မန္တလေး ပွဲရုံများမှတစ်ဆင့် ရေနံချောင်းသို့ ကားများဖြင့် တင်ပို့လျက်ရှိရာ ပေါ်ဦးပေါ်ဖျားစားသုံးသူများပြားနေကြောင်း ယင်းမြို့နယ်တို့၌ နာနတ်သီးတစ်လုံးလျှင် ကျပ် ၁၀၀၀ ဖြင့် ရောင်းချပြီး ယမန်နှစ်ကာလတူဖြင့် နှိုင်းယှဉ်ပါက နာနတ်သီးဈေးမတက်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/125180.html

## အသားစားခို၏ မွေးမြူရေးအလားအလာ



လက်ရှိဈေးကွက်ရှိခိုများသည် သာမန်အားဖြင့် အသားစားခိုများမှာ အဓိကဖြစ်ပြီး အသားစားခိုအတွင်း ပြည့်ဝသော ပရိုတိန်းဓာတ်၊ ဗီတာမင်ဓာတ်စသည်တို့ ပါဝင်ပါသည်။ ထို့ပြင် အဆီဓာတ်ပါဝင်မှုမှာလည်း သာမန်အသားအမျိုးအစားထက်နိမ့်ပါသည်။ အရည်အသွေးမြင့်အသားအမျိုးအစားအဖြစ် စားသုံးသူအများအပြား၏ ကြိုက်နှစ်သက်မှုကို ရရှိခဲ့ပါသည်။ ထို့ပြင် တရုတ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာလည်း ပိုမိုကောင်းမွန်လာကာ အသားစားခို၏ ဈေးကွက် လိုအပ်ချက်မှာလည်း မြင့်တက်လာပါသည်။ တရုတ်နိုင်ငံ အသားစားခိုမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်ခဲ့ကာ ယခုအခါ အသားစားခိုသည် ပြည်ပတင်သာမက ပြည်တွင်းတွင်လည်း အလွန်ကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများရှိနေကြောင်း သိရပါသည်။ အသားစားခိုဈေးကွက်အရ အနာဂတ်အသားစားခို၏ မွေးမြူရေးသည် ပမာဏကြီးမားစွာဖြင့် စည်းစနစ်စကျစွာ ဖွံ့ဖြိုးတိုးတက်မည့် အလားအလာရှိပါသည်။ အများပြည်သူ၏ စားသောက်ကုန်အပေါ် တောင်းဆိုမှုပိုမိုမြှင့်တက်လာသည် နှင့်အမျှ အသားစားခို၏ မွေးမြူရေးကုန်ကျစရိတ်မှာလည်း တစ်ဖြည်းဖြည်းမြင့်တက်လာခံကြသည်။ လက်ရှိ အသားစားခို၏ ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးမှာ ဈေးကွက်လိုအပ်ချက်ကို မဖြည့်ဆည်းပေးနိုင်သေးပါ။ ထို့ကြောင့် အသားစားခိုမွေးမြူရေး၏ ဖွံ့ဖြိုးတိုးတက်မှုအလားအလာမှာ အလွန်ကြီးမားပါသည်။ ထို့ပြင် လက်ရှိတရုတ်နိုင်ငံသည် နှစ်စဉ် မွေးမြူရေးလုပ်ငန်းအတွက် ဆင်းရဲနွမ်းပါးမှုလျော့ချရေးမူဝါဒများကို ထုတ်ပြန်သောကြောင့် ၎င်း၏ဖွံ့ဖြိုးတိုးတက်မှု အလားအလာမှာ ကောင်းမွန်သောဦးတည်ရာသို့ ဖွံ့ဖြိုးတိုးတက်သွားနိုင်မည်ဖြစ်သည်။ အသားစားခို၏ အဓိကအသုံးပြုမှုမှာ ခိုသားဖြစ်ပါသည်။ အသားစားခို၏ ဈေးနှုန်းမှာ အဓိကအားဖြင့် အမျိုးအစား၊ ဒေသစသည့် မတူညီသောအခြေအနေအလိုက် ကွာခြားပါသည်။ ဥပမာ တစ်ကီလိုဂရမ်ရှိသော ပိုင်ယွီဝမ်ခိုဈေးနှုန်းမှာ တရုတ်ယွမ်ငွေ(၄၀) ဈေးနှုန်းနီးပါးရှိသည်။ အလှကြည့်ခိုဈေးနှုန်းမှာ တစ်ကီလိုတရုတ်ယွမ်ငွေ(၂၀၀)ခန့်ရှိမည်ဖြစ်သည်။ ထိုမှတစ်ဆင့် အသားစားခို၏ဈေးနှုန်းမှာ ကြက်၊ ဘဲ စသည့် သာမန်အိမ်မွေးတရိစ္ဆာန်ထက်မြင့်ပါသည်။ ဈေးနှုန်းမြင့်ရသော အဓိကအကြောင်းရင်းမှာ အာဟာရ၊ ထွက်နှုန်းနှင့် လိုအပ်ချက်စသည်တို့ကြောင့်ဖြစ်သည်။ ထူးခြားသော အိမ်မွေးတရိစ္ဆာန်များဖြစ်သည့်အလျောက် လူတို့၏ စူးစမ်းသော စိတ်သဘောထားများကြောင့် ၎င်း၏ဈေးနှုန်းမှာလည်း ကောင်းမွန်မည်ဖြစ်သည်။

**Source:** www.371zy.com

https://www.facebook.com/shweliayarnews/

## တရုတ်နိုင်ငံမှ မြန်မာ့နှမ်းကို ဈေးကောင်းပေးဝယ်နေ

မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှတဆင့် တရုတ်နိုင်ငံကိုတင်ပို့နေတဲ့ မြန်မာ့နှမ်းများ ဈေးနှုန်းပိုမိုရရှိနေကြောင်း ကုန်သည်များရဲ့ ပြောကြားချက်အရသိရပါတယ်။ နှမ်းက ဈေးကောင်းရတယ်။ စမုန်နှမ်းနက်နဲ့အဖြူက ပိုပြီးအရောင်းသွက်တယ်။ တရုတ်ဘက်မှာဆိုရင် စားသောက်ကုန်တွေအတွက် အများဆုံးအသုံးပြုလာတယ်လို့ မန္တလေး - မူဆယ်ရှိ ကုန်သည်ဦးနေလင်းကပြောပါတယ်။ စမုန်နှမ်းတစ်တန်လျှင် ငွေကျပ် (၂၉) သိန်းကျော်၊ နှမ်းနက်တစ်တန်လျှင် ငွေကျပ် (၁၈) သိန်းကျော်၊ နှမ်းဖြူတစ်တန်လျှင် ငွေကျပ် (၂၁) သိန်းကျော်၊ နှမ်းအခွံချွတ် တစ်တန်လျှင် ငွေကျပ် (၂၅) သိန်းကျော်ပေါက်ဈေးရှိပါတယ်။ အရင်နှစ်က နှမ်းမျိုးစုံထွက်ရှိတဲ့ ပမာဏနည်းတယ်။ ဒီနှစ်လည်း နှမ်းစိုက်ချိန် မိုးခေါင်လို့ နှမ်းပင်တွေ သေတာများပြီး ပြန်စိုက်ရတာတွေ ရှိတယ်။ တရုတ်နိုင်ငံက မြန်မာ့နှမ်းမျိုးစုံကို အကုန်ဝယ်တယ်" လို့ မကွေးတိုင်းဒေသကြီး အောင်လံကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအောင်မိုးက ပြောပါတယ်။

မြန်မာနိုင်ငံမှာ နှမ်းကို မိုးနည်းရပ်ဝန်းဒေသများဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ အများဆုံး စိုက်ပျိုးပြီး နှမ်းဖြူ၊ နှမ်းနီ၊ နှမ်းညို၊ နှမ်းနက်နဲ့ နှမ်းကျားဆိုပြီး ခွဲခြားရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2116-china-buying-myanma-sesame.html

## ပြည်တွင်း စားသုံးသည့် ရွှေဘိုပေါ်ဆန်းသစ် တစ်အိတ်လျှင် ဇန်နဝါရီလအတွင်းက ကျပ် ၄၈၀၀၀ ရှိခဲ့ရာမှ လက်ရှိတွင် ကျပ် ၅၅၀၀၀ ဈေးရှိနေပြီး ဧည့်မထဆန်ဈေး အနည်းငယ်မြင့်တက်

ပြည်တွင်းစားသုံးသည့် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ယခုနှစ်ဇန်နဝါရီလအတွင်းက ကျပ် ၄၈၀၀၀ ရှိခဲ့ရာမှ လက်ရှိအချိန်တွင် ကျပ် ၅၅၀၀၀ ဈေးရှိနေပြီး ဧည့်မထဆန်ဈေး အနည်းငယ်မြင့်တက်လာကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်သည့်စာရင်းများအရသိရသည်။ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ၂၀၁၄ ခုနှစ်က ကျပ် ၄၃၅၀၀ ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ် မေနှင့် ဇွန်လတွင် ကျပ် ၅၅၀၀၀ ဈေးရှိနေပြီး ခြောက်နှစ်အတွင်း ရာခိုင်နှုန်း ၂၀ ကျော်မြင့်တက်လာကြောင်း သိရသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ မှတ်တမ်းများအရ ၂၀၁၄ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ် မေလအတွင်း ဖြစ်ပေါ်ခဲ့သည့် ဆန်အမျိုးအစားအလိုက် ပြည်တွင်း ဈေးနှုန်းများမှာ ၂၀၁၄ ခုနှစ်က ရောဝတီ ပေါ်ဆန်း တစ်အိတ် လျှင် ၃၅၀၀၀၊ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၄၃၅၀၀ ဈေးရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ရောဝတီပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၄၂၀၀၀၊ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၅၅၀၀၀ ဈေးရှိလာသည်။

ဧည့်မထ ၂၅ မှတ်ဆန် တစ်အိတ်လျှင် ၂၀၁၄ ခုနှစ်က ၁၅၅၀၀ ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၇၃၀၀ အထိ ဈေးရှိလာသည်။

၂၀၁၅ ခုနှစ်အတွင်းတွင် ၁၈၀ ပေါင်ရှိ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ၄၇၀၀၀ ကျပ်၊ ရောဝတီပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၃၈၀၀၀၊ ဧည့်မထ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၁၆၅၀၀၊ ငစိန် ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၁၇၀၀၀ ရှိခဲ့သည်။ ၂၀၁၆ ခုနှစ်အတွင်းက ၁၈၀ ပေါင်ရှိ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ၄၃၀၀၀ ကျပ်၊ ရောဝတီပေါ်ဆန်း တစ်အိတ်လျှင် ကျပ်၃၆၀၀၀၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၂၀၀၀၀၊ ငစိန် ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ်၂၀၅၀၀ ရှိခဲ့သည်။ ၂၀၁၇ ခုနှစ်အတွင်း ၁၈၀ ပေါင်ရှိ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ၄၆၀၀၀ ကျပ်၊ ရောဝတီပေါ်ဆန်း တစ်အိတ်လျှင် ကျပ်၃၈၀၀၀၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၂၀၀၀၀၊ ငစိန် ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၁၈၃၀၀ ရှိခဲ့သည်။ ၂၀၁၈ ခုနှစ် လက်ရှိတွင် ၁၈၀ ပေါင်ရှိ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ၆၅၀၀၀ ကျပ်၊ ရောဝတီပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၅၃၀၀၀၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၁၉၇၀၀၊ ငစိန် ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ်၂၂၀၀၀ အထိ ဈေးရှိနေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်းမှ ထုတ်ပြန်ချက်အရ ၂၀၁၈ခုနှစ် အောက်တိုဘာ ၄ ရက်က ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် အနိမ့်ဆုံး ကျပ် ၆၁၀၀၀ မှ အမြင့်ဆုံး ကျပ် ၆၂၀၀၀ အထိ လည်းကောင်း၊ မြောင်းမြ /ပုသိမ်ပေါ်ဆန်း တစ်အိတ်လျှင် အနိမ့်ဆုံး ကျပ် ၅၂၀၀၀ မှ အမြင့်ဆုံး ကျပ် ၅၆၀၀၀ အထိ လည်းကောင်း၊ ဖျာပုံပေါ်ဆန်း တစ်အိတ်လျှင် အနိမ့်ဆုံး ကျပ် ၅ဝဝဝဝမှ အမြင့်ဆုံး ကျပ် ၅၂၀၀၀ အထိ လည်းကောင်း၊ ဧည့်မထ (၂၅ မှတ်ဆန်) တစ်အိတ်လျှင် အနိမ့်ဆုံး ကျပ် ၂၂၅၀၀ မှ အမြင့်ဆုံး ကျပ် ၂၂၈၀၀ အထိ လည်းကောင်း အသီးသီး ဈေးရှိခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်တွင် မြောင်းမြ / ပုသိမ်ပေါ်ဆန်း တစ်အိတ်လျှင် အနိမ့်ဆုံး ကျပ် ၄၂၀၀၀ မှ အမြင့်ဆုံး ကျပ် ၄၄၀၀၀၊ ဖျာပုံပေါ်ဆန်း တစ်အိတ်လျှင် အနိမ့်ဆုံး ကျပ် ၃၈၀၀၀ မှ အမြင့်ဆုံး ကျပ် ၄၀၀၀၀ အထိ လည်းကောင်း၊ ဧည့်မထ တစ်အိတ်လျှင် ကျပ် ၁၈၅၀၀ မှ ၁၉၅၀၀ အတွင်း အသီးသီး ဈေးရှိခဲ့ကြောင်း ဆန်ကုန်သည်များထံမှ သိရသည်။

**Source: Eleven**

https://www.facebook.com/myanmaeconomic/

## ငရုတ်အစိုဈေးနှုန်း မြင့်တက်နေခြင်းကြောင့် ငရုတ်သီးခြောက်လုပ်ငန်းများအတွက် ကုန်ကြမ်းရှားလာနိုင်

ငရုတ်အစိုဈေး စံချိန်တင်မြင့်တက်လာသောကြောင့် ပြည်တွင်းငရုတ်သီးခြောက်လုပ်ငန်းများအတွက် ကုန်ကြမ်းရှားပါးမှုကို ကြုံတွေ့ရနိုင်ကြောင်း ငရုတ်ပွဲရုံများထံမှသိရသည်။ လက်ရှိ ပြည်တွင်းငရုတ်ထွက်ရှိရာဒေသများမှ ငရုတ်အစိုများကို ထိုင်းနိုင်ငံသို့တင်ပို့လျက်ရှိရာ ဖွန်လ ၂၈ ရက်နေ့ ပွဲရုံပေါက်ဈေးမှာ ငရုတ်အစိုတစ်ပိဿာလျှင် ကျပ် ၆၀၀၀ ဈေးဖြင့် ဝယ်လိုအားကောင်းနေကြောင်းသိရသည်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်ကာ တရုတ်နိုင်ငံက ဝယ်လိုအား တဖြည်းဖြည်း ကောင်းလာခဲ့ပြီး ၂၀၁၉ ခုနှစ်၊ မေလအတွင်း ထိုင်းနိုင်ငံကလည်း ငရုတ်သီး လိုအပ်ချက် များလာကာ မြန်မာပြည်တွင်း ငရုတ်အစို ဈေးကွက်မှာ တစ်ပိဿာ ကျပ် ၉၀၀၀ - ၉၅၀၀ ကျော်ထိ စံချိန်တင် ဈေးကောင်းရရှိလာခြင်း ဖြစ်သည်။ ငရုတ်သီး ထွက်ရှိသည့် ဒေသများဖြစ်သည့် မန္တလေး၊ ဧရာဝတီ၊ ရန်ကုန်၊ စစ်ကိုင်း တိုင်းဒေသကြီး တို့မှ ငရုတ်စိုက်ပျိုး ထုတ်လုပ်သည့် တောင်သူပွဲစား၊ ပွဲရုံလုပ်ငန်းများ ထူးထူးခြားခြား အကျိုးအမြတ်များသည့် နှစ်တစ်နှစ် ဖြစ်လာခဲ့ကြောင်း ကူမဲမြို့ အောင်မင်းငရုတ်ပွဲရုံပိုင်ရှင် ဦးစိုးညွန့်က မြန်မာတောင်သူကြီးများဂျာနယ်ကို ပြောသည်။ ဒီနှစ်က ငရုတ်သီးအစို ဈေးကွက်ဖြစ်လာတာမျိုး တစ်ခါမှ မကြုံဖူးဘူး။ ဧရာဝတီတိုင်းဒေသကြီးမှာ စဝယ်တုန်းက ပေါက်ဈေးက တစ်ပိဿာ ကျပ် ၂၅၀၀ လောက်ကနေစတယ်။ ဒီဘက်မှာ စဝယ်တော့လည်း ကျပ် ၂၅၀၀ က စဝယ်လာတာ ကျပ် ၉၀၀၀-၉၅၀၀ ထိရောက်လာတယ်။ ဖွန်လ ၂၈ ရက်နေ့ ပွဲရုံကောက်ဈေးက တစ်ပိဿာ ကျပ် ၆၀၀၀ နဲ့ ဝယ်လိုအား ကောင်းနေတယ်။ တရုတ်အဝယ်ရပ်သွားတယ်။ ထိုင်းဘက်ကို တင်နေတယ်။ ဒီလို ငရုတ်သီးအစို ဈေးကွက် ဖြစ်လာတာကတော့ မြန်မာ့ငရုတ်အစိုဈေးကွက်မှာ စံချိန်တင်ဈေး ဖြစ်လာတာပါဟု ၎င်းကပြောသည်။

ထိုသို့ ငရုတ်အစိုဈေးကွက် မြင့်မားနေပါက ပြည်တွင်းငရုတ်သီးခြောက်လိုအပ်မှု ဖြည့်ဆည်းနိုင်ရန် ပြည်ပမှ တင်သွင်းမှုကိုလိုလားကြောင်း၊ ငရုတ်အစိုဈေးကွက်အေးချိန်၊ ပြည်ပအဝယ်မရှိချိန်များတွင်မူ ပြည်ပမှတင်သွင်းမှုကို မလိုလားကြောင်း ငရုတ်သီးအခြောက် လုပ်ငန်းရှင်များကပြောသည်။ ပြည်တွင်းမှာ ငရုတ်အစိုဈေးက ကျပ် ၂၅၀၀၊ ၃၀၀၀ အောက်ကို မကျဘူးဆိုရင် စားသုံးသူအတွက် ငရုတ်အခြောက်က လိုအပ်တယ်။ဒီလို အခြေအနေမှာ ပြည်ပက တင်သွင်းတာကို ထောက်ခံပါတယ်။ တရုတ်၊ ထိုင်းနိုင်ငံတွေက အဝယ်မရှိဘဲ ပြည်တွင်းဈေးကျဆင်းနေချိန်မှာဆိုရင်တော့ တင်သွင်းမှုကို ကန့်ကွက်ရမှာပါ”ဟု ကူမဲမြို့ အောင်မင်းငရုတ်ပွဲရုံပိုင်ရှင် ဦးစိုးညွန့် က ပြောသည်။

မြစ်သား မြို့နယ်အတွင်း ငရုတ်သီးပွဲရုံ ဈေးကွက်တွင် စံချိန်တင်ငရုတ်ဈေးမြင့်မားနေမှုမှာ အချိန်ကာလမကြာမြင့်နိုင်ကြောင်း၊တရုတ်အဝယ်နှင့် ထိုင်းနိုင်ငံတင်ပို့မှုမှာ ဖွန်လကုန်ခန့်တွင် လျော့နည်းသွားနိုင်ကြောင်း၊ ငရုတ် အခြောက်ဈေးကွက်မှာလည်းယခုထက် ပိုမိုမြင့်တက်လာနိုင်ကြောင်း ပွဲရုံများက ခန့်မှန်းသုံးသပ်ထားသည်။ ကူမဲဒေသမှာ ပွဲရုံ ၂၀ ကျော်ရှိတာမှာ ပွဲရုံတစ်ခုကို နေ့စဉ်ကုန်ချိန် ၃၀၀၀ ကျော် တင်ပို့နိုင်တယ်။ ငရုတ်သီးအစိုဈေးက တစ်ပိဿာကို ကျပ် ၆၀၀၀ မှာ အကြာကြီးအရောင်းအဝယ် ဖြစ်နေတာကနေ ကျပ် ၉၀၀၀ ဝန်းကျင်နဲ့ ဈေးကွက်ဖြစ်တာ ဖွန်လ ၁၅ရက်ကနေစဖြစ်တာ၊ တစ်ပတ်လောက်ပဲဖြစ်တာ။ ရှေ့အလားအလာက ခန့်မှန်းရခက်တယ်။ ငရုတ်သီးအစို ဈေးမြင့်နေတာကြောင့် ငရုတ်သီး အခြောက်ဈေးပါ မြင့်တက်လာနိုင်တယ်ဟု ပွဲရုံပိုင်ရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။ လက်ရှိတွင် ငရုတ်သီးမှုန့်ကို စင်ကာပူနိုင်ငံမှတင်သွင်းရန် လျှောက်ထားမှုရှိနေပြီး ချက်ချင်းခွင့်မပြုပေးသင့်ဟု ဆုံးဖြတ်ထားကြောင်း စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းကပြောသည်။

**Source:** https://www.facebook.com/myanmaeconomic/posts/327880224826929?__tn__=K-R

# STOCK EXCHANGE (4.7.2019)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 4th Jul. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 11,000 | 525 | 5,775,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,350 | -50 | -1.47% | 3,350 | 3,350 | 3,350 | 5,805 | 19,446,750 | 38,929,150 | 130,413 |
| MCB | 00003 | 7,700 | -100 | -1.28% | 7,800 | 7,800 | 7,700 | 48 | 373,500 | 10,400,986 | 80,088 |
| FPB | 00004 | 23,500 | +0 | +0.00% | 23,500 | 23,500 | 23,500 | 175 | 4,112,500 | 2,472,053 | 58,093 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,900 | 2,900 | 2,850 | 996 | 2,843,100 | 12,212,906 | 34,807 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 440.69 | -2.18 | -0.49% | 441.89 | 441.89 | 440.69 | 7,549 | 32,550,850 | 5 | 601,641 |

### Index chart




## Market Overview

As of 1:00 pm, 4th Jul. 2019

| MYANPIX | 440.69 |
|---|---|
| | 2.18 |
| Total Volume (shares) | 7,549 |
| Total Value (MMK) | 33 mil |
| Listed Company | 5 |
| Market Cap. (MMK) | 601,641 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | 0 |
| MTSH | 00002 | 3,350 | 50 |
| MCB | 00003 | 7,700 | 100 |
| FPB | 00004 | 23,500 | 0 |
| TMH | 00005 | 2,850 | 0 |